## Table of Contents

၁။ နိဒါန်း (Overview)........................................................................................................ 2

၂။ လိုအပ်ချက်နှင့် သတိမှတ်ချက်များ ..................................................................................... 2

၃။ MAB iBanking မှတစ်ဆင့် Dormant Reactivation အဆင့်ဆင့် ဆောင်ရွက်ပုံ............................ 3

## ၁။ နိဒါန်း (Overview)

လူကြီးမင်း၏ ဘဏ်အကောင့်သည် ကာလတစ်ခုအထိ ငွေဝင်/ငွေထွက် လှုပ်ရှားမှုမရှိပါက **Dormant Account** အဖြစ်သို့ ပြောင်းလဲသွားနိုင်ပါသည်။ ဤလုပ်ဆောင်ချက်သည် ဘဏ်ခွဲသို့ လူကိုယ်တိုင် သွားရောက်ရန်မလိုဘဲ MAB iBanking မှတစ်ဆင့် သတ်မှတ်ချက်နှင့်ကိုက်ညီသော **Dormant Account** အကောင့်များကို လွယ်ကူလျင်မြန်စွာ ပြန်လည်စတင်အသုံးပြုနိုင်စေရန် (Reactivate) ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။

## ၂။ လိုအပ်ချက်နှင့် သတ်မှတ်ချက်များ

အကောင့်အား MAB iBanking မှတစ်ဆင့် ပြန်လည်စတင်ရန် ဆောင်ရွက်ခြင်း မပြုမီ အောက်ပါ အချက်များကို လေ့လာမှတ်သားပေးပါရန်-

- **ပြုလုပ်နိုင်သည့် အကောင့်အမျိုးအစား - ကျပ်ငွေ (MMK)** အကောင့်ဖြင့် ဖွင့်လှစ်ထားသည့် တစ်ဦးတည်းပိုင် အကောင့်များ (Single Account) သာ လိုင်းပေါ်မှတစ်ဆင့် ပြန်လည်စတင်နိုင်ပါသည်။
- **မပြုလုပ်နိုင်သည့် အကောင့်များ -**
    - ➢ ပူးတွဲအကောင့်များ (Joint Accounts)
    - ➢ နိုင်ငံခြားသုံးစွဲငွေ အကောင့်များ (ဥပမာ- USD, SGD)
    - ➢ လက်ကျန်ငွေ မရှိသော အကောင့်များ၊ Zero Balance (0 MMK) ဖြစ်နေသော အကောင့်များ (ဤအကောင့်များကို MAB ဘဏ်ခွဲများတွင် reactivate လုပ်ဆောင်နိုင်ပါသည်။)
    - ➢ ဘဏ်၏ အထူးထိန်းချုပ်မှု (သို့မဟုတ်) ဥပဒေအရ ပိတ်ပင်ထားသော အကောင့်များ
- **စာရင်းသွင်းထားသည့် ဖုန်းနံပါတ် -** OTP (One-Time Password) ခံယူနိုင်ရန်အတွက် ဘဏ်တွင် စာရင်းသွင်းထားသည့် ဖုန်းနံပါတ်သည် မိမိလက်ဝယ်တွင် ရှိနေရန်လိုအပ်ပါသည်။

## ၃။ MAB iBanking မှတစ်ဆင့် Dormant Reactivation အဆင့်ဆင့် ဆောင်ရွက်ပုံ

၁။ MAB iBanking သို့ **Log in** ဝင်ပြီး မျက်နှာပြင်၏ ဘယ်ဘက်အခြမ်းရှိ Menu ထဲမှ **Service Requests** ကို နှိပ်ပါ။ ပေါ်ထွက်လာသော Menu များထဲမှ **Dormant Account Reactivation** ကို ရွေးချယ်ပါ။



၂။ အကောင့်တစ်ခုချင်းစီအတွက် အောက်ပါအချက်အလက်များကို မြင်တွေ့ရမည်ဖြစ်ပြီး ပြန်လည်စတင် လိုသည့်အကောင့်ဘေးရှိ **Reactivate** ခလုတ် ကိုနှိပ်ပါ။



၃။ အကောင့်အချက်အလက်များကို စစ်ဆေးပြီး **Checkbox** အမှန်ခြစ်ကာ **Confirm** ကို နှိပ်၍ OTP အဆင့်သို့ ဆက်သွားနိုင်ပြီး၊ ပယ်ဖျက်လိုပါက **Cancel** ကို နှိပ်၍ ပြန်ထွက်နိုင်ပါသည်။



၄။ ဘဏ်တွင် စာရင်းသွင်းထားသော ဖုန်းနံပါတ်သို့ ရောက်ရှိလာသော OTP ကို ထည့်သွင်း၍ **Confirm** ကို နှိပ်ကာ အကောင့်အား ပြန်လည်စတင်နိုင်ပြီး၊ OTP မရရှိပါက **Resend Code** ကို နှိပ်၍ အသစ်ပြန်လည်တောင်းယူနိုင်ပါသည်။ ပယ်ဖျက်လိုပါက **Cancel** ကို နှိပ်ပါ။




၅။ OTP မှန်ကန်စွာ ထည့်သွင်းပြီးပါက အကောင့်ပြန်လည်စတင်ခြင်း အောင်မြင်ကြောင်း အသိပေးချက် ပေါ်လာမည်ဖြစ်ပြီး၊ အကောင့်အချက်အလက်များကို စစ်ဆေး၍ **Home** ကို နှိပ်ကာ မူလမျက်နှာပြင်သို့ ပြန်သွားနိုင်ပါသည်။




*သတိပြုရန် - ဘဏ်အကောင့်ကို Active အခြေအနေတွင် ဆက်လက်ထားရှိနိုင်ရန် ဘဏ်ဖွင့်ချိန်အတွင်း ငွေကြေးဆိုင်ရာ လုပ်ဆောင်ချက် (၁) ကြိမ် အနည်းဆုံး ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းမရှိပါက ဘဏ်၏ မူဝါဒအရ အဆိုပါ အကောင့်သည် Dormant Account အဖြစ် ပြန်လည်သတ်မှတ်ခံရနိုင်ပါသည်။*